# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
## နေ့စဉ်ဈေးကွက်သတင်းလွှာ

April 30, 2019 Volume 18, Number 18


| ၃၀.၄.၂၀၁၉ | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၂၈၃ /-US$ |
| မြန်မာ့ရွှေဈေး | = ၁၀၃၈၀၀၀/ ကျပ် |
| ဒေါ်လာဈေး | = ၁၅၁၆ ကျပ် |
| CBM Rate | = ၁၅၂၂.၇/ ကျပ် |
| ယူရို တစ်ယူရို | = ၁၇၀၆.၁ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၁၁၈.၈ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၁၉၇၅.၂ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၀၇၃.၉ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၂၆.၀၁ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၁.၈၂၈ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၃၀.၅၉ ကျပ် |
| မလေးရှားရင်းဂစ် | = ၃၆၈.၁၁ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၄၇.၆၈၁ ကျပ် |

Source: CBM Rate, etrademyanmar.com

## နယ်စပ်လမ်းကြောင်းကုန်ဖလှယ်စနစ်အတွက်



## ကုန်စည်အရည်အသွေးပြည့်မီဖို့လို

တရုတ်နိုင်ငံကို နယ်စပ်လမ်းကြောင်းကနေ ကုန်ဖလှယ်မှုစနစ် (barter system) နဲ့ မြန်မာ့လယ်ယာသားငါးထွက်ကုန်တွေ တင်ပို့ရာမှာ အရည်အသွေးပြည့်မီအောင် ပြင်ဆင်ထားဖို့လိုတယ်လို့ စီးပွားရေး နှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးအောင်စိုး ကပြောပါတယ်။

နယ်စပ်ကနေ ယူနန်ပြည်နယ်နဲ့မြန်မာနဲ့ ကုန်သွယ်မှုမြှင့်တင်နိုင်ရေးအတွက် သီးခြားအ စီအစဉ်တစ်ခုပါ၊ ဒါလဲ အထူးတော့ပြင်ဆင်စရာမလိုပေမဲ့ မိမိဘက်က ရောင်းချင်တဲ့ပစ္စည်းတွေကို အရည်အသွေး ကောင်းကောင်းနဲ့ရောင်းနိုင်အောင် ပြင်ဆင်ထားဖို့ပါပဲလို့ ပြောပါတယ်။

ဧပြီလ ၂၁ ရက်နေ့က ယူနန်ပြည်နယ် ကူမင်းပြည်သူ့အစိုးရနဲ့ ကုန်သွယ်ရေးဦးစီးဌာနတို့ ကုန်ဖလှယ်မှုစနစ် (barter system) နဲ့ ကုန်သွယ်မှုပြုလုပ်ဖို့ MoU လက်မှတ်ရေးထိုးခဲ့ကြပါတယ်။ MoU အရ ဆန်စပါးအပါအဝင် မြန်မာ့လယ်ယာသားငါးထွက်ကုန်တွေကို မူဆယ်နယ်စပ်ကုန်သွယ်မှု လမ်းကြောင်းကနေ တင်ပို့နိုင်မှာဖြစ်တယ်။ ကုန်ဖလှယ်မှုစနစ်ဖြစ်တာကြောင့် မြန်မာနိုင်ငံက လယ်ယာထွက်ကုန်များ တင်ပို့လိုက်တဲ့ ကုန်စည်တန်ဖိုးနဲ့ညီမျှတဲ့ ယူနန်ပြည်နယ်ထုတ်ဆောက်လုပ်ရေး ပစ္စည်းတွေ၊ လယ်ယာသုံးစက်ပစ္စည်းတွေ၊ ဓာတ်မြေဩဇာစတဲ့ပစ္စည်းတွေ ပြန်လည်ဝယ်ယူတင်သွင်းပေးရမှာပါ။ အကောင်အထည်ဖော်ဖို့ တရုတ်နိုင်ငံဘက်က ကုမ္ပဏီတစ်ခုကိုတာဝန်ပေးပြီး မြန်မာနိုင်ငံဘက်က ကုန်သည်စက်မှုအသင်းချုပ် UMFCCI ရဲ့လယ်ယာ/မွေး/ရေ ဖွံ့ဖြိုးရေးကော်မတီက တာဝန်ယူဆောင်ရွက်မှာ ဖြစ်ပါတယ်။ UMFCCI ကော်မတီနဲ့အသင်းအဖွဲ့များ ဆက်လက်ညှိနှိုင်းပြီး မြန်မာနိုင်ငံဘက်ကတင်ပို့မယ့်ပစ္စည်းတွေ၊ တင်သွင်းလိုတဲ့ပစ္စည်းတွေ စာရင်းပြုစုမှာဖြစ်ပါတယ်။ တစ်ဖက်ကလည်း တင်ပို့လိုတဲ့ပစ္စည်းတွေ ၊ တင်သွင်းလိုတဲ့ပစ္စည်းတွေ ပြုစုမှာဖြစ်ပါတယ်။ ဦးအောင်စိုးက သက်ဆိုင်ရာတွေက လက်တွေ့ရောင်းကြဝယ်ကြဖို့ ညှိနှိုင်းနေပါတယ်လို့ ပြောပါတယ်။

မေလမှာတော့ နှစ်နိုင်ငံကြား တင်ပို့တင်သွင်းလိုတဲ့ အရေအတွက်၊ ပမာဏ၊ ဈေးနှုန်းစတဲ့ အရောင်းအဝယ်ကိစ္စတွေကို ဆက်လက်ဆွေးနွေးမှာ ဖြစ်တယ်။ ဆန် စပါးကို ဦးစားပေးတင်ပို့နိုင်ဖို့ ညှိနှိုင်းဆွေးနွေးထားတယ်လို့ သိရပါတယ်။ မူဆယ်မြို့က ပို့ကုန်သွင်းကုန်လုပ်ငန်းရှင် ဦးချမ်းသာဦးကတော့ ဒီကုန်ဖလှယ်စနစ်ကို ကျင့်သုံးတဲ့အခါ ကုန်စည်တွေ ပြန်တင်သွင်းဖို့တော့ တင်ပို့တဲ့သူနဲ့ တင်သွင်းတဲ့သူတွေအချင်းချင်း ညှိနှိုင်းဖို့တော့လိုအပ်မယ်လို့ ဆိုထားပါတယ်။

**Source:** https://www.kumudranews.com/news-33187

## ကြက်ဥဈေးတက်



ဒီရက်ပိုင်းဈေးကွက်ထဲမှာ ကြက်ဥဈေးနှုန်းတွေ မြင့်တက်နေပါတယ်။ ဒီရက်ပိုင်းကြက်ဥဈေးတွေမှာ မူလက ၁၅၀ တန် ကြက်ဥတွေမှာ ၂၀၀ လောက် ဈေးရှိပြီး ၁၀၀၊ ၁၁၀ တန် ကြက်ဥတွေမှာဆိုရင် ၁၄၀၊ ၁၅၀ ဈေးနှုန်းလောက်မြင့်တက်နေပါတယ်။

ရေကျော်ဈေးမှာ ကြက်ဥ ရောင်းချနေတဲ့ဈေးသည် တစ်ဦးက ခုကန္တေရောက်ပြီဆိုတော့ ကြက်တွေ အသေအပျောက်များကြတယ်၊ အဲဒီတော့ကြက်ဥဈေးတွေက ကျွန်မတို့လဲ ဈေးပိုပေးဝယ်ရတာကြောင့် ကျွန်မတို့အနေနဲ့ ပြန်ရောင်း ချတဲ့အခါ နဂိုရောင်းတဲ့ဈေးနဲ့ ပြန်မရောင်းနိုင်တော့ပါလို့ ပြောပါတယ်။ ကြက်ဥဝယ်ယူသူ တစ်ဦးဖြစ်တဲ့ မသဲသဲက “ကျွန်မတို့အရင်က ကြက်ဥတစ်လုံးကို ၁၅ ဝလောက်နဲ့ ဝယ်တာက ခုဆိုရင် ဈေးနှုန်းက ၂၀၀ လောက်အထိရှိတယ်၊ ကျွန်မက ၅၀၀ ဖိုး သုံးလုံးပေးမလားမေးတော့မရဘူး၊ တခြားအမျိုးအစားက ယူဆိုပြီးတော ့ပေးပါတယ် လို့ပြောပါတယ်။ နယ်ကြက်ဥဈေးနှုန်းဆိုရင်လည်း တစ်လုံးကို ၂၀၀ လောက်အထိ ဈေးတက်နေပါ တယ်။ အရင်တုန်းက ၁၄၀၊ ၁၅၀၊ ပြီးတော့ ၂၀၀ ဈေးတွေ တက်သွားတယ်လို့ ကြက်ဥသည်တွေဆီက သိရပါတယ်။

**Source:** https://www.kumudranews.com/news-33154

## မြန်မာနိုင်ငံ၏အထည်အလိပ်ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး နိုင်ငံတကာမှ ဖွံ့ဖြိုးမှုမိတ်ဖက်များ ဖိတ်ခေါ်ဆောင်ရွက်ပြီး အမျိုးသားအဆင့် အထည်အလိပ်မူဝါဒပြဋ္ဌာန်းနိုင်ရေး ဆောင်ရွက်လျက်ရှိ



မြန်မာနိုင်ငံ၏ အထည်အလိပ်ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး၊ နိုင်ငံတကာမှ ဖွံ့ဖြိုးမှု မိတ်ဖက်များဖိတ်ခေါ်ဆောင်ရွက်ပြီး ရင်းနှီးမြှုပ်နှံမှုများ ဆောင်ရွက်ရန်၊ လိုအပ်သော အခြေခံအဆောက်အအုံများ ဖွံ့ဖြိုးတိုးတက်ရန် ပြည်တွင်း အထည်အလိပ် ထုတ်လုပ်မှုတိုးတက်ရန်နှင့် ပြည်ပ ပို့ကုန်မြှင့်တင်ပြီး သွင်းကုန်လျှော့ချနိုင်ရန် အကောင်အထည်ဖော် ဆောင်ရွက်နိုင်မည့် အမျိုးသားအဆင့် အထည်အလိပ်မူဝါဒ ပြဋ္ဌာန်းနိုင်ရေး သက်ဆိုင်ရာ အဖွဲ့အစည်းများ၏ သဘောထားမှတ်ချက်ရယူ၍ ဂျာမနီနိုင်ငံ GIZ အကူအညီဖြင့် အပြီးသတ်ရေးဆွဲနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ချိုကပြောကြားသည်။

မြန်မာနိုင်ငံ၏ အမျိုးသားပို့ကုန်မဟာဗျူဟာ (National Export Strategy – NES) ကိုလုပ်ငန်းကဏ္ဍအသီးသီးအတွက် စီမံချက်များရေးဆွဲပြီး အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ အထည်အလိပ်ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရန်အတွက် အမျိုးသားအဆင့် အထည်အလိပ် မူဝါဒရေးဆွဲနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်းသိရသည်။ အလားတူ အထည်စက်ရုံခွဲ (မြင်းခြံ) တွင် မူလထုတ်ကုန်ဖြစ်သော ပတ်တီးပိတ်ကို ဆေးရည်စိမ်ပတ်တီး၊ ပြည်တွင်းထွက်ကျောက်မှုန့် (Gypsum) နှင့် ပတ်တီးပိတ်တို့ ပေါင်းစပ်၍ ကျောက်ပတ်တီး၊ (P.o.P Bandage) ထုတ်လုပ်နိုင်ရန် ဓာတ်ခွဲခန်းတွင် သုတေသနပြု စမ်းသပ်ဆောင်မြင်ပြီး စီးပွားဖြစ်ထုတ်လုပ်နိုင်ရေး စီမံဆောင်ရွက်လျက်ရှိကြောင်းသိရသည်။ စက်မှုဝန်ကြီးဌာန၏ တတိယတစ်နှစ်တာအတွင်း ဆောင်ရွက်ချက်များနှင့်စပ်လျဉ်းပြီး စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ချိုက ပြောကြားရာတွင် ထည့်သွင်းပြောကြားခဲ့ခြင်းဖြစ်သည်။

မြန်မာနိုင်ငံ၏ ပြည်ပပို့ကုန်များ ဖွံ့ဖြိုးတိုးတက်ရေး၊ ကမ္ဘာ့ဈေးကွက်တွင် ယှဉ်ပြိုင်နိုင်မှုမြင့်မားလာစေရေးအတွက် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက တာဝန်ခံဝန်ကြီးဌာနအဖြစ်ဆောင်ရွက်ပြီး အမျိုးသားအဆင့် ပို့ကုန်

မဟာဗျူဟာကဏ္ဍ ၁၁ ရပ်ကို အကောင်အထည်ဖော်လျက်ရှိသည်။ ယင်းကဏ္ဍများအနက် အထည်အလိပ်နှင့် အဝတ်အထည်ကဏ္ဍ အကောင်အထည်ဖော်ရေး ကော်မတီကို စက်မှုဝန်ကြီးဌာန အမှတ် (၃) အကြီးစား စက်မှုလုပ်ငန်းများမှ တာဝန်ယူ ဆောင်ရွက်လျက်ရှိကြောင်း၊ အမျိုးသားအဆင့် ပို့ကုန်မဟာဗျူဟာအရ မြန်မာနိုင်ငံ၏ အထည်အလိပ်နှင့် အဝတ်အထည်ကဏ္ဍ ပို့ကုန်မြှင့်တင်နိုင်ရေးအတွက် CMP စနစ်ဖြင့် ဆောင်ရွက်နေသော အထည်ချုပ် လုပ်ငန်းများကို FOB စနစ်သို့ ကူးပြောင်း အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေး၊ Bonded Warehouse စနစ် အကောင်အထည်ဖော်ရေး၊ ပြည်ပသို့ ပို့နေသော အထည်ချုပ်များအတွက် လိုအပ်သောကုန်ကြမ်းများကို နည်းစဉ်တစ်လျှောက် ထုတ်လုပ်မှုကွင်းဆက်တည်ဆောက်နိုင်ရေး၊ ပို့ကုန်မြှင့်တင်ရန် အထောက်အကူပြုနိုင်ရေး စသည်တို့အတွက် လိုအပ်သော အထည်အလိပ်နှင့် အဝတ်အထည်ဆိုင်ရာ အထူးပြုစက်မှုဇုန် (Specialized Textile and Garment Zone) များ တည်ထောင်သွားရမည်ဖြစ်ကြောင်းသိရသည်။ ၂၀၁၉ ခုနှစ်တွင် ရန်ကုန်တိုင်းဒေသကြီးအတွင်း ရင်းနှီးမြှုပ်နှံမှုများဖိတ်ခေါ်ရာ၌ အထည်ချုပ်လုပ်ငန်းကဏ္ဍ၊ အိမ်ခြံမြေနှင့် စက်မှုဇုန်များတွင် ဝင်ရောက်မြှုပ်နှံလုပ်ကိုင်ရန် အဓိကထားဖိတ်ခေါ်သွားမည်ဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့မှသိရသည်။

**Source:** https://news-eleven.com/article/103131

## ပြည်တွင်းအဓိကစားသုံးသည့် ဆန်ချောဈေးတစ်အိတ်လျှင် ကျပ် ၂၀၀၀ ခန့် ဈေးတက်ပြီး မြောင်းမြ/ပုသိမ်ပေါ်ဆန်း တစ်အိတ်လျှင် ကျပ် ၄၀၀၀၀ မှ ၄၃၀၀၀ ဝန်းကျင်ရှိနေ



ပြည်တွင်းစားသုံးသည့် ဆန်ချောဈေး ယခင်သီတင်းပတ်ကထက် တစ်အိတ်လျှင် ကျပ် ၂၀၀၀ ခန့် ဈေးတက်လာပြီး မြောင်းမြ/ ပုသိမ် ပေါ်ဆန်းတစ်အိတ်လျှင် ကျပ် ၄၀၀၀၀ မှ ၄၃၀၀၀ ဝန်းကျင်ရှိနေကြောင်း မြန်မာနိုင်ငံဆန်စပါးကုန်သည်များ အသင်းမှ သိရသည်။ ပြီးခဲ့သည့် ဧပြီ ၂၀ ရက်က မြောင်းမြ/ ပုသိမ်ပေါ်ဆန်း တစ်အိတ်လျှင် အနိမ့်ဆုံးကျပ် ၃၈၀၀၀ မှ အမြင့်ဆုံး ကျပ် ၄၂၀၀၀ ဈေးရှိခဲ့သော်လည်း ဧပြီ ၂၉ ရက်တွင် မြောင်းမြ/ ပုသိမ်ပေါ်ဆန်း တစ်အိတ်လျှင် အနိမ့်ဆုံး ကျပ် ၄၀၀၀၀ မှ အမြင့်ဆုံး ကျပ် ၄၃၀၀၀ ဝန်းကျင် ရှိနေခဲ့ကြောင်းသိရသည်။

ဧပြီ ၂၀ ရက်က ၁၀၈ ပေါင်ရှိ ရက် ၉၀ တစ်အိတ်လျှင် ၁၉၅၀၀ ကျပ်မှ ၂၀၅၀၀ ကျပ် ကြားဈေးရှိခဲ့ပြီး ဧပြီ ၂၉ ရက်တွင် ရက် ၉၀ ရှယ်တစ်အိတ်လျှင် ကျပ် ၁၉၀၀၀ မှ ၂၁၅၀၀ ကျပ်ဈေးရှိကာ ဈေးအနည်းငယ် တက်လာကြောင်း မြန်မာနိုင်ငံဆန်စပါးကုန်သည်များအသင်းမှ သိရသည်။ ဧပြီ ၂၉ ရက်က ဧည့်မထ ၂၅ မှတ် ဆန်တစ်အိတ်လျှင် အနိမ့်ဆုံး ၁၈၅၀၀ ကျပ်မှ အမြင့်ဆုံး ၁၉၅၀၀ ကျပ်ဈေးရှိခဲ့သည်။ ဧပြီ ၂၀ ရက်က ဧည့်မထ ၂၅ မှတ်ဆန်တစ်အိတ်လျှင် ၁၇၃၀၀ ကျပ်မှ ကျပ် ၁၈၀၀၀ ကြားဈေးရှိခဲ့သည်။ ဧပြီ ၆ ရက်က ဧည့်မထ ၂၅ မှတ်ဆန် တစ်အိတ်လျှင် ၁၇၇၀၀ ကျပ်မှ ကျပ် ၁၈၀၀၀ ကြားဈေးရှိခဲ့သဖြင့် ၁၀ ရက်ခန့်အတွက် တစ်အိတ်လျှင် ကျပ် ၄၀၀ ဈေးကျခဲ့သည်။ သို့သော် ဧပြီ ၂၀ နှင့် ဧပြီ ၂၉ ရက်တွင်ဖြစ်ပေါ်ခဲ့သည့် ဈေးကိုနှိုင်းယှဉ်ပါက တစ်အိတ်လျှင် ကျပ် ၅၀၀ ဝန်းကျင်ဈေးတက်လာခြင်း ဖြစ်သည်။

မြန်မာနိုင်ငံမှ ဆန်ကို ပြည်ပတင်ပို့ရာ၌ ပင်လယ်ရေကြောင်း ကုန်သွယ်မှုမှ အီးယူဈေးကွက်၊ အာဖရိက ဈေးကွက်သို့ တင်ပို့လျက်ရှိ ပြီး မူဆယ်နယ်စပ်မှတစ်ဆင့် တရုတ်နိုင်ငံသို့ အဓိကတင်ပို့နေသည်။

အနောက်အာဖရိကမှ အိုင်ဗရီကို့စ်နိုင်ငံရှိ ကျန်းမာရေးတာဝန်ရှိသူများသည် မြန်မာနိုင်ငံမှ တင်ပို့သည့် ဆန်တန်ချိန် ၁၈၀၀၀ ကို လူစားသုံးရန်မသင့်ဟုဆိုကာ ဖျက်ဆီးခဲ့ကြောင်း သတင်းဌာနများတွင် ဖော်ပြထားသည်။ မြန်မာနိုင်ငံမှ

ဆိုသော ယင်းဆန်များအား တာဝန်ရှိသူများက ကုန်တင်ကားတစ်စီးနှင့် တင်ဆောင်ပြီး စွန့်ပစ်ပစ္စည်းစုပုံသည့်နေရာတွင် ဖျက်ဆီးခဲ့ကြောင်း BBC Africa Live စာမျက်နှာက ဖော်ပြခဲ့သည်ဟု africanews.com က ဖော်ပြခဲ့သည်။ ဂါနာ၊ ဂီနီအာနှင့် တိုဂိုနိုင်ငံတို့က ထိုဆန်များအား အရည်အသွေးနှင့်ပတ်သက်ပြီး လက်မခံနိုင်ဟုဆိုကာ ပယ်ချခဲ့ကြောင်း၊ နောက်ဆုံးတွင် ထိုဆန်အိတ်များသည် အိုင်ဗရီကို့စ်မြို့တော် အာဘစ်ဂျန်ဆိပ်ကမ်းတွင် တင်ချခွင့်ရခဲ့ပြီးနောက် အရည်အသွေးထိန်းချုပ် စစ်ဆေးချက်များအရ လူများစားသုံးရန်မသင့်ဟု တွေ့ရှိခဲ့ခြင်းဖြစ်ကြောင်း ယင်းသတင်းက ဖော်ပြခဲ့သည်။ မြန်မာနိုင်ငံရဲ့ Export ဆန်အားလုံးရဲ့ ရာခိုင်နှုန်း ၅၀ က အာဖရိကကိုသွားတာ။ အာဖရိကဈေးကွက်က ကျယ်ပြန့်တယ်ဟု ဦးသန်းဦးကဆိုသည်။

**Source:** https://news-eleven.com/article/103703

## နိုင်ငံတကာ ရော်ဘာညီလာခံကို အောက်တိုဘာတွင် ကျင်းပရန်စီစဉ်

ဈေးကွက်သစ်များ ချိတ်ဆက်နိုင်မည့် အခွင့်အရေးအပါအဝင် ရော်ဘာစိုက်ပျိုးထုတ်လုပ်မှုကဏ္ဍတိုးတက်ရေး နိုင်ငံတကာ ရော်ဘာညီလာခံကို လာမည့်အောက်တိုဘာတွင် မြန်မာနိုင်ငံ၌ ကျင်းပရန်စီစဉ်နေကြောင်း မြန်မာနိုင်ငံရော်ဘာစိုက်ပျိုးထုတ်လုပ်သူများအသင်း အတွင်းရေးမှူးဦးခိုင်မြင့်ကပြောသည်။

ရော်ဘာကုန်ကြမ်း ထုတ်လုပ်သည့်နိုင်ငံများမှ ကိုယ်စားလှယ်များ၊ ရော်ဘာကုန်ချော ထုတ်လုပ်သည့် တာယာကုမ္ပဏီကြီးများ၊ ကမ္ဘာ့ရော်ဘာစိုက်ပျိုးထုတ်လုပ်မည့် ပညာရှင်များတက်ရောက်လေ့ရှိသော အဆိုပါညီလာခံသည် ဈေးကွက်သစ်များအပြင် စိုက်ပျိုးထုတ်လုပ်မည့် နည်းပညာအသစ်များလည်းရ ရှိမည်ဟုၚင်းက ဆိုသည်။ ကမ္ဘာ့ရော်ဘာထုတ်လုပ်သူတွေ မြန်မာကိုသိဖို့ အခွင့်အလမ်းတစ်ခုပါဟု ဦးခိုင်မြင့်ကပြောသည်။ နိုင်ငံတကာ ရော်ဘာဖွံ့ဖြိုးရေးအဖွဲ့အစည်းတစ်ခုဖြစ်သော IRDB သည် နှစ်စဉ်ညီလာခံကို အဖွဲ့ဝင် နိုင်ငံများတွင် လှည့်လည်ပြုလုပ်သည်။ နိုင်ငံ ၂၀ ကျော် ပါဝင်သော အဆိုပါအဖွဲ့တွင် မြန်မာနိုင်ငံက အဖွဲ့ဝင်အဖြစ်ပါဝင်သည်။

လက်ရှိမြန်မာနိုင်ငံ၏ ရော်ဘာစိုက်ပျိုးထုတ်လုပ်မှုက ပမာဏတိုးတက်နေသော်လည်း နိုင်ငံတကာ ဈေးနှုန်းတည်ငြိမ်နေခြင်းကြောင့် ပြည်တွင်းဈေးက RSS-3 တစ်ပေါင်လျှင် ကျပ် ၈၃၀ ခန့် ဈေးဖွင့်သည်။ နိုင်ငံတကာဈေးကွက်တွင် ရော်ဘာကုန်ကြမ်းဈေးသည် တစ်တန်လျှင် ဒေါ်လာ ၁,၇၀၀ ခန့်သာ ရှိသည်။ မြန်မာနိုင်ငံ၏ ရော်ဘာကုန်ကြမ်း ထုတ်လုပ်မှုပမာဏက ယခုနှစ်တွင် တန်ချိန်သုံးသိန်းခန့်ရှိမည်ဟု ရော်ဘာစိုက်ပျိုး ထုတ်လုပ်သူများကခန့်မှန်းသည်။ ရာသီဥတု ပုံမှန်ရှိနေခြင်းကြောင့် ရော်ဘာအထွက်နှုန်း ပုံမှန်အခြေအနေတွင်ရှိသည်ဟု ဘီးလင်းမြို့နယ်မှ ရော်ဘာခြံပိုင်ရှင်တစ်ဦးက ပြောသည်။ မြန်မာနိုင်ငံတွင် ၂၀၁၉ စာရင်းများအရ ရော်ဘာစိုက်ဧက ၁၆ သန်းကျော်ရှိပြီး အစေးလှီးနိုင်သည့်ဧက ရှစ်သိန်းကျော ရှိသည်။ ပြည်ပတင်ပို့နိုင်မည့် ရော်ဘာကုန်ကြမ်း ပမာဏတန်ချိန် ၁ ဒသမ ၆ သိန်းခန့်ရှိမည်ဟု မြန်မာနိုင်ငံ ရော်ဘာစိုက်ပျိုးထုတ်လုပ်သူများအသင်းက ခန့်မှန်းသည်။

**Soure:** http://www.7daydaily.com/story/154924

## ပြည်တွင်းထုတ် သီးနှံ ၂၁ မျိုးကို နိုင်ငံခြားလုပ်ငန်းရှင်များက ရင်းနှီးမြှုပ်နှံဝယ်ယူပြီး ပြည်ပသို့ တိုက်ရိုက်ရောင်းချနိုင်ရေးခွင့်ပြုရန် ပြည်ထောင်စု အစိုးရအဖွဲ့သို့တင်ပြထားပြီး မကြာမီ အတည်ပြုချက်ထွက်ပေါ်လာမည်ဟု စီးပွား/ကူးသန်းဝန်ကြီးပြောကြား

ပြည်တွင်းထုတ် သီးနှံ ၂၁ မျိုးကို နိုင်ငံခြားလုပ်ငန်းရှင်များက ရင်းနှီးမြှုပ်နှံဝယ်ယူပြီး ပြည်ပသို့ တိုက်ရိုက်ရောင်းချနိုင်ရေး ခွင့်ပြုရန် ပြည်ထောင်စု အစိုးရအဖွဲ့သို့ တင်ပြထားပြီး မကြာမီကာလအတွင်း အတည်ပြုချက်ထွက်ပေါ်လာမည် ဖြစ်ကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်က ဧပြီ ၂၇ ရက်တွင် ပြောကြားသည်။




"နိုင်ငံခြားလုပ်ငန်းရှင်များ ရင်းနှီးမြှုပ်နှံပြီး မြန်မာပြည်က လယ်ယာထွက်ကုန်တွေကို ယူပြီး တော့ ပြည်ပကို တိုက်ရိုက်ရောင်းချနိုင်ဖို့။ စုစု ပေါင်းသီးနှံ ၂၁ မျိုးလောက်ရှိမှာပါ" ဟု ဒေါက်တာသန်းမြင့်က ပြောကြားသည်။ လက်ရှိ ဘဏ္ဍာနှစ် ငါးလခွဲတွင် လယ်ယာထွက်ကုန် ပစ္စည်း တင်ပို့မှု ဒေါ်လာ ၁ ဒသမ ၄ ဘီလျံကျော် ရရှိထားပြီးယခင်နှစ်ကာလတူထက် ဒေါ်လာသန်း ၁၀၀ ကျော် ပိုမိုရရှိထားကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ သိရသည်။ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် အောက်တိုဘာ ၁ ရက်မှ မတ် ၁၅ ရက်အထိ ပြည်ပသို့ လယ်ယာထွက်ကုန်ပစ္စည်း တင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၁ ဒသမ ၅၂၅ ဘီလျံကျော် ရရှိထားပြီး ယခင်နှစ် ကာလတူထက် ဒေါ်လာသန်း ၁၀၀ ကျော် ပိုမိုရရှိထားကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနမှ သိရသည်။ ယခင်နှစ် ကာလတူတွင်မူ အမေရိကန်ဒေါ်လာ ၁ ဒသမ ၄၂၅ ဘီလျံကျော်သာ တင်ပို့ထားနိုင်သဖြင့် လက်ရှိဘဏ္ဍာနှစ် ငါးလခွဲတွင် ယခင်နှစ် ကာလတူထက် အမေရိကန် ဒေါ်လာ ၁၀၀ ဒသမ၂၉၁ သန်းအထိ ပိုမိုတင်ပို့နိုင်ခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။

လက်ရှိတွင် မြန်မာနိုင်ငံမှ ပြည်ပသို့ အဓိကတင်ပို့နေသည့် ပို့ကုန်များမှာ လယ်ယာထွက်ပစ္စည်း၊ တိရစ္ဆာန်ထွက်ပစ္စည်း၊ ရေထွက်ပစ္စည်း၊ သစ်တောထွက်ပစ္စည်း၊ သတ္တုတွင်းထွက်ပစ္စည်း၊ စက်မှုကုန်ချော (CMP) နှင့် အခြားပစ္စည်းများ စသည်တို့ကို တင်ပို့နေခြင်းဖြစ်သည်။ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်ဖြစ်သည့် ၂၀၁၈ အောက်တိုဘာ ၁ ရက်မှ ၂၀၁၉ မတ် ၈ ရက်အထိ ပြည်ပသို့ ပို့ကုန်တင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၇ ဒသမ ၇၃၂ ဘီလျံကျော် ရရှိထားပြီး ပြီးခဲ့သည့် ဘဏ္ဍာနှစ် ကာလတူထက် အမေရိကန်ဒေါ်လာ ၆၉၇ သန်းကျော် ပိုမိုရရှိထားကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန၏ စာရင်းများအရ သိရသည်။

လက်ရှိဘဏ္ဍာနှစ်တွင် ပြည်ပကုန်သွယ်မှု စုစုပေါင်းပမာဏ ဒေါ်လာ ၃၁ ဘီလျံကျော် ရရှိအောင် ဆောင်ရွက်သွားမည် ဖြစ်သည့်အပြင် ကုန်သွယ်မှုလိုငွေ ဒေါ်လာသန်း ၅၀၀ ဝန်းကျင်အထိ လျော့ကျအောင် ဆောင်ရွက်သွားမည် ဖြစ်ကြောင်း ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် နဝမပုံမှန် အစည်းအဝေး ပထမနေ့တွင် စီမံကိန်းနှင့် ဘဏ္ဍာရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးဝင်းက ပြောကြားသည်။

၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် ပြည်ပပို့ကုန်တန်ဖိုး အမေရိကန်ဒေါ်လာ ၁၅ ဒသမ ၃ ဘီလျံရရှိရန်နှင့် သွင်းကုန်တန်ဖိုး အမေရိကန်ဒေါ်လာ ၁၅ ဒသမ ၈ ဘီလျံ စုစုပေါင်း ကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၃၁ ဒသမ ၁ ဘီလျံရရှိအောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း စီမံကိန်းနှင့် ဘဏ္ဍာရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးဝင်းက ပြောကြားသည်။

**Source:** https://news-eleven.com/article/103140

## ယူနန်အစိုးရ ပါမစ်ဖြင့် ဆန်အပါအဝင် လယ်ယာထွက်ကုန်အချို့ နယ်စပ်မှ တင်ပို့ခွင့်ရ

မြန်မာ-တရုတ်နယ်စပ် ကုန်သွယ်ရေးရပ်တန့်နေသော် လည်း ယူနန်အစိုးရ၏ သွင်းကုန် ပါမစ်ဖြင့် ဆန်အပါအဝင် လယ် ယာထွက်ကုန်အချို့ တင်ပို့နေ ကြောင်း မူဆယ်ဆန်ကုန်စည်ဒိုင် မှ အသင်းဝင်အချို့ကပြောသည်။ ယူနန်အစိုးရ၏ သွင်းကုန် ပါမစ်ဖြင့် တစ်ပတ်လျှင်ဆန်အိတ် ရေ ခုနစ်သောင်း(တန်ချိန်၃,၅၀၀) ခန့် တင်ပို့နေရသည်ဟု ဆိုသည်။ လက်ရှိမူဆယ်နယ်စပ်တွင် ဆန် တစ်အိတ်ဈေးသည် တရုတ်ငွေ ၄ ဒသမ ၅ ယွမ် (ကျပ် ၂၃,၀၀၀ ခန့်) ဈေးဖွင့်သည်။ လက်ရှိမူဆယ်တွင် ပါမစ် ဖြင့်ရောင်းချနေသည့် ဆန်အမျိုး အစားမှာ မနောသုခ၊ ငစိန်စသော ဆန်လုံးတိုများဖြစ်ပြီး ရက် ၉၀ ကဲ့သို့ ဆန်လုံးရှည်များ ယခုအ ချိန်တွင် အဝယ်မရှိကြောင်း ဆန် ကုန်သည်အချို့ကပြောသည်။

နယ်စပ်မှ တရုတ်နိုင်ငံသို့ ဆန်တင်ပို့မှု ရပ်တန့်ခြင်းကြောင့် နွေစပါးပေါ်ချိန်တွင် စပါးဈေးသည် တင်းတစ်ရာလျှင် ကျပ်ငါး သိန်းအောက်သို့ ကျဆင်းရန်အားယူနေသည်။ လက်ရှိပဲခူးတိုင်း အရှေ့ခြမ်းတွင် နွေစပါးများ စတင်ရိတ်သိမ်း နေပြီး စပါးဈေးနှုန်းက ယခင်နှစ်ကထက် တင်းတစ်ရာလျှင် ကျပ်တစ်သိန်းခွဲကျော်လျော့နည်းကြောင်း ပဲခူးတိုင်း အုတ်တွင်းမြို့နယ်မှ လယ်သမားဦးဂင်းကပြောသည်။

ဒီအစိုးရလက်ထက်မှာ စပါးဈေးကျတာက အဆိုးဆုံးပဲ" ဟု ဦးဂင်းကပြောသည်။ တင်း တစ်ရာကျပ်ငါးသိန်းဖြင့် စက်ပိုင်၊ ကုန်သည်များက ဝယ်ယူသော်လည်း စပါးတစ်တင်းကို သတ်မှတ်အလေးချိန်ထက် အပိုဆောင်း ပေးရမှုရှိ နေကြောင်း ၎င်းကဆိုသည်။ ၂၀၁၈ နှစ်ကုန်ကစတင်ပြီး မြန်မာ-တရုတ်နယ်စပ်ကုန်သွယ်ရေးရပ်တန့်နေမှုသည် မူဆယ်ရှိ ဂိုဒေါင်များတွင် ဆန်၊ သကြား ကုန်စည်များပိတ်မိနေသည်။ မူဆယ်နယ်စပ်မှ ပို့ကုန်ပမာဏကလည်း ၂၀၁၈ အောက်တိုဘာမှ ၂၀၁၉ ဧပြီ ၁၉ ရက်အထိ ဒေါ် လာ ၁ ဒသမ ၈ ဘီလီယံကျော် တန်ဖိုးရှိသည်။ ပြီးခဲ့သည့်နှစ် ကာလတူထက် ဒေါ်လာသန်း ၆၈၀ ကျော် လျော့နည်းသည်။ ပြီးခဲ့သည့်နှစ် ကာလတူက မူဆယ်မှ ပို့ကုန်ပမာ ဏ ၂ ဒသမ ၄ ဘီလီယံကျော်တန်ဖိုးရှိသည်။

**Source:** http://www.7daydaily.com/story/154922

## လိုက်ချီးသီးများ ဈေးကွက်သို့ စတင်ဝင်ရောက်လာ

ကရင်ပြည်နယ် သံတောင်မြို့နယ်ထွက် လိုက်ချီးသီးများ ဧပြီတတိယပတ်မှစတင်ကာ မြေပြန့် ဈေးကွက် သို့ စတင်ဝင်ရောက်လာပြီး ပေါ်ဦးစဖြစ်၍ တစ်ပိဿာလျှင် ငွေကျပ် ၃၀၀၀ ဖြင့် ရောင်းချလျက် ရှိကြောင်း သိရပါတယ်။

"ခုချိန်က တောင်ပေါ်မှာလည်း အများကြီး မပေါ်သေးဘူး။ ဝယ်ရတာ ဈေးမြင့်တယ်။ ကျွန်တော်တို့ကျတော့ အောက်ကျင်းကနေ ဆိုင်ကယ်နဲ့တက်ပြီး ဝယ်ရတာဆိုတော့ ဆီဖိုး ကုန်ကျစရိတ်နဲ့ဆို တစ်ပိဿာကို ငွေကျပ် ၃၀၀၀ လောက် ရောင်းချမှ တွက်ခြေကိုက်တယ်"ဟု တောင်ပေါ်ဒေသအထိ လိုက်ချီးသီးများ သွားရောက်ဝယ်ယူသူ တစ်ဦးက ပြောကြားခဲ့ပါတယ်။

ယခုပေါ်စ လိုက်ချီးသီးများသည် အချိုဓာတ်နည်းကာ အချဉ်ဘက်ကို ပိုများသည့်အတွက် စားသုံးသူများ အနေဖြင့် ဝယ်ယူမှုနည်းကာ မိုးရွာပြီး အချိုဓာတ် များချိန်တွင် ပိုမိုဝယ်ယူ စားသုံးကြသည်ကို တွေ့ရသည်။ လာမည့်မေလလယ်တွင် တောင်ပေါ်ဒေသများ၌ လိုက်ချီးအထွက်နှုန်း ဖြိုင်လေ့ရှိပြီး ဝယ်လိုအားထက် ရောင်းလိုအားများကာ ဈေးနှုန်း ကျဆင်းလေ့ရှိ၍ တစ်ဆင့်ဝယ်ယူ ရောင်းချသူများအနေဖြင့် အဆိုပါအချိန်ကို စောင့်ဆိုင်းမှု များလည်း ရှိပါတယ်။

"အခုထွက်တဲ့ အသီးတွေက အချဉ်ဘက်များတော့ သိပ်မစားကြသေးဘူး။ ဈေးကလည်း မြင့်တယ်။ ဝယ်တဲ့သူတွေကလည်း လက်ဆောင်ပေးဖို့လောက်ပဲ ဝယ်ကြတာ များတယ်"ဟု ရေတာရှည်မြို့ရှိ အသီးအနှံများ ရောင်းချသူ တစ်ဦးက ပြောကြားခဲ့ပါတယ်။

တောင်ပေါ်ဒေသထွက် သီးနှံများဖြစ်သော ဒူးရင်း၊ မင်းကွတ်၊ နာနတ် အစရှိသော စားကုန်သီးနှံများသည် မိုးရာသီတွင် ဈေးကွက်သို့ တင်ပို့ရောင်းချနိုင်သည့် အတွက် သီးနှံ စိုက်ပျိုးသူတို့အတွက် အလွန်ပင် ဝင်ငွေကောင်းမွန် အဆင်ပြေလျက်ရှိကြောင်း သိရပါတယ်။

**Source:** https://www.foodindustrydirectory.com.mm/food-industry/food-livestock/item/1904-litchi-fruit-entered-the-market-starts.html

## ဒူဘိုင်းကုန်စည်ပြပွဲ ၂၀၂၀ တွင် နိုင်ငံပေါင်း ၁၉၂ နိုင်ငံတက်ရောက်ရန်ရှိ

ဒူဘိုင်းကုန်စည်ပြပွဲ ၂၀၂၀ ပွဲကို နိုင်ငံပေါင်း ၁၂၀ တက်ရောက်ရန်ရှိကြောင်း၊ ထိုနိုင်ငံများမှ နိုင်ငံတကာပွဲအား ပူးပေါင်းပါဝင်မည်ဟု ကြေညာချက်ထုတ်ပြန်ခဲ့ကြောင်း၊ အဆိုပါကုန်စည်ပြပွဲမှ ပြောရေးဆိုခွင့်ရှိသူက ဧပြီလ ၂၆ ရက်တွင် အတည်ပြုပြောကြားခဲ့ကြောင်း၊ state-run သတင်းဌာန WAM မှ ဖော်ပြခဲ့သည်။

ကျွန်တော်တို့အနေနဲ့ ကမ္ဘာ့နိုင်ငံများအားလုံးကို ခွဲခြားမှုမရှိပဲ ဖိတ်ကြားခဲ့ပါတယ်။ ကျွန်တော်တို့ပြောထားတဲ့အတိုင်း နိုင်ငံတကာပြပွဲကြီးကို ကောင်းမွန်တဲ့လမ်းကြောင်းနဲ့ ကျင်းပသွားမှာဖြစ်တယ် ဟုတရားဝင်ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောသည်။ ထိုကုန်စည်ပြပွဲကို အာရပ်စော်ဘွားများပြည်ထောင်စု၊ ဒူဘိုင်းမြို့တွင် ၂၀၂၀ခုနှစ် အောက်တိုဘာလ ၂၀ ရက် နှင့် ၂၀၂၁ ဧပြီ ၁၀ရက် ကြားတွင် ကျင်းပမည်ဖြစ်ပြီး တစ်ကမ္ဘာလုံးမှ၊ ကဏ္ဍစုံမှ လူများအတွက် ကြီးကျယ်သော

တွေ့ဆုံပွဲဖြစ်ကြောင်း သိရှိရသည်။

အဆိုပါပွဲတွင် လာရောက်ကြသူများအနေဖြင့် ၎င်းတို့အနေဖြင့် ဖွံ့ဖြိုးတိုးတက်မှုနှင့်ပတ်သက်သည့် ရှေ့ဆက်ရန်အတွက် စိန်ခေါ်မှုများ၊ လူအဖွဲ့အစည်း၏ တွန်းအားနှင့်ပတ်သက်၍ မျှဝေနိုင်မည်ဖြစ်ကြောင်းသိရသည်။

**Source:** https://www.facebook.com/XinhuaMyanmar/?brand_redir=338109312883186

## နိုင်ငံတကာဈေးကွက်များ၌ ခိုင်မာသည့်ဈေးကွက်တည်ဆောက်နိုင်ရေး လုပ်ငန်းရှင်များနှင့် အရှိန်အဟုန်မြှင့် ဆောင်ရွက်သွားမည်



နိုင်ငံတကာ ဈေးကွက်များ၌ ခိုင်မာသည့် ဈေးကွက်တည်ဆောက်နိုင်ရေးနှင့် အရည်အသွေးပြည့်မီသည့် ဆန်များတင်ပို့နိုင်ရေး ပုဂ္ဂလိကကဏ္ဍ နှင့် အရှိန်အဟုန်မြှင့်ကာ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း စီးပွားရေး နှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှဆိုသည်။

မြန်မာ့ဆန်စပါး ကုန်သွယ်မှုကဏ္ဍသည် လုပ်ငန်းနယ်ပယ် အလွန်ကျယ်ပြန့်သောကြောင့် ရှုပ်ထွေးမှုများ၊ စိန်ခေါ်မှုများ၊ အခက်အခဲများနှင့် အကန့်အသတ်များစွာဖြင့် ဆောင်ရွက်နေရပြီး အဆိုပါကိစ္စများအား အဆင်ပြေချောမွေ့စွာ ကျော်ဖြတ်ဆောင်ရွက်သွားနိုင်ရန် အထူးလိုအပ်ကြောင်း ဆောင်ရွက် သွားမည်ဖြစ်ကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ သန်းမြင့်ကပြောသည်။

တိုးတက်ပြောင်းလဲလာတဲ့ Global စီးပွားရေးစနစ်မှာ စိန်ခေါ်မှုယှဉ်ပြိုင်မှုတွေ ရင်ဆိုင်ကြုံတွေ့နေရမှာဖြစ်သလို မြန်မာ့လယ်ယာကဏ္ဍရဲ့ စိန်ခေါ်မှုနဲ့ယှဉ်ပြိုင်မှုများစွာရှိနေရာ တောင်သူများ၊ ကုန်သည်တွေနဲ့ နိုင်ငံတော်ပါ အကျိုးဖြစ်ထွန်းနိုင်ဖို့ ဈေးကွက်သစ်များ ရှာဖွေနိုင်ရေးအတွက် ပိုမိုကြိုးပမ်းလုပ်ဆောင်ရမှာဖြစ်တယ်”ဟု ၎င်းက ပြောသည်။

နိုင်ငံတကာ ဆန်စပါးဈေးကွက်ကြီးများသည်လည်း ဈေးကွက်ရရှိရေးကို အပြိုင်အဆိုင် ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ မြန်မာနိုင်ငံ သည်လည်းနိုင်ငံတကာ ဈေးကွက်အတွင်း ဝင်ရောက်ယှဉ်ပြိုင်နိုင်ရေးအတွက် ခိုင်မာသည့်ဈေးကွက်တည်ဆောက်နိုင်ရေးနှင့် အရည်အသွေးပြည့်မီသည့် ဆန်များတင်ပို့နိုင်ရေးကို သက်ဆိုင်ရာဌာနများ၊ အသင်းအဖွဲ့များ၊ ကုန်သည်လုပ်ငန်းရှင်များ၊ အရည်အသွေးစစ်ဆေးရေးအဖွဲ့အစည်းများမှ ပိုမိုတွန်းအားပေး ပူးပေါင်းဆောင်ရွက်ကြရန် လိုအပ်ကြောင်း ၎င်းကဆက်လက်ဆိုသည်။

မြန်မာနိုင်ငံဆန်စပါးအသင်းချုပ် ဒုတိယဥက္ကဌ ဦးအောင်သန်းဦးက ပြည်ပနိုင်ငံတွေကို သင်္ဘောနဲ့ဆန်တင်ပို့တာနဲ့ အရည်အသွေး ပိုမိုစိစစ်ကြပ်မတ်သွားမယ်။ ဆန်ကြိတ်ခွဲတင်ပို့မှု လုပ်ငန်းစဉ်တစ်ခုလုံးကို ပြန်လည်သုံးသပ် စိစစ်လေ့လာရမယ့် အခြေအနေ၊ အလေးချိန်မှန်ကန်ရေး စနစ်တကျ စီစဉ်ဆောင်ရွက်တာနဲ့ နိုင်ငံတကာ ဆန်ဈေးကွက်အခြေအနေတွေ လေ့လာစောင့်ကြည့်နေရမှာဖြစ်တယ်ဟုဆိုသည်။

မြန်မာ့ဆန်ပုံရိပ် မကျဆင်းစေရေး၊ ရေရှည်တည်တံ့သည့် ဆန်တင်ပို့မှုစနစ်ဖြစ်ပေါ်ရေး၊ ဆန်စပါးကြိတ်ခွဲမှု အရည်အသွေးပြည့်မီရေး၊ အလေအလွင့်နည်းပါးရေး၊ အလေးတင်းတောင်းမှန်ကန်မှုရှိရေး၊ သယ်ယူပို့ဆောင်မှု ကောင်းမွန်စွာဖြစ်ရေး၊ မြန်မာ့ဆန်ပြည်ပဈေးကွက်သို့ ထိုးဖောက်ရာတွင် လိုအပ်သည့်စနစ်နှင့် အဖွဲ့အစည်းများ ထားရှိဆောင်ရွက်နိုင်ရေးကို အဖြေရှာ၍အားလုံး ပိုင်းဝန်းပူးပေါင်းသွားမည်ဟု ပြောကြားထားသည်။ မြန်မာနိုင်ငံအနေဖြင့် ယခင်နှစ်က ပြည်ပသို့ ဆန်တန်ချိန် ၃ ဒသမ၆ သန်းခန့် တိုးမြှင့်တင်ပို့နိုင်ခဲ့ကြောင်း၊ ဆန်တင်ပို့မှုအနေဖြင့် တရုတ်နိုင်ငံသို့ အများဆုံးတင်ပို့နိုင်ခဲ့ပြီး အာဖရိကနိုင်ငံများသို့ ဒုတိယအများဆုံးတင်ပို့နေကြောင်းသိရသည်။

**Source:** http://www.amiamyanmar.com/detail.aspx?id=7990&fbclid=IwAR1SZG9LNlLjLSbVV1Lzho_0fQ1H9SD3oTcAxvGOb0rysV-t2bIN164Yr7g

# STOCK EXCHANGE (30.4.19)

YANGON STOCK EXCHANGE

Market Data | Listed Company | Regulations | Learning | Trading | Listing on YSX | About YSX

Home > Market Data > Stock trading data

## Stock trading data

As of 30th Apr. 2019

### Stock trading

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 8,900 | +100 | +1.14% | 8,800 | 8,900 | 8,800 | 86 | 756,900 | 27,112,747 | 241,303 |
| MTSH | 00002 | 2,900 | -50 | -1.69% | 2,950 | 2,950 | 2,900 | 5,000 | 14,700,000 | 38,929,150 | 112,895 |
| MCB | 00003 | 7,100 | +0 | +0.00% | 7,100 | 7,100 | 7,100 | 0 | 0 | 10,400,986 | 73,847 |
| FPB | 00004 | 21,500 | +500 | +2.38% | 21,500 | 21,500 | 21,500 | 9 | 193,500 | 2,472,053 | 53,149 |
| TMH | 00005 | 2,800 | +0 | +0.00% | 2,800 | 2,800 | 2,800 | 0 | 0 | 12,212,906 | 34,196 |

### Today's summary

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 377.51 | +1.47 | +0.39% | 376.04 | 377.51 | 376.04 | 5,095 | 15,650,400 | 5 | 515,390 |


### Index chart




# Market Overview

As of 1:00 pm, 30th Apr. 2019

| MYANPIX | 377.51 ▲ 1.47 |
|---|---|
| Total Volume (shares) | 5,095 |
| Total Value (MMK) | 16 mil |
| Listed Company | 5 |
| Market Cap. (MMK) | 515,390 mil |




| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 8,900 | ▲ 100 |
| MTSH | 00002 | 2,900 | ▼ 50 |
| MCB | 00003 | 7,100 | ▲ 0 |
| FPB | 00004 | 21,500 | ▲ 500 |
| TMH | 00005 | 2,800 | ▲ 0 |